**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**လူမှုဖူလုံရေးအဖွဲ့**

**ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း**

**၁၃၈၈ ခုနှစ် ၊ တော်သလင်းလကွယ်**

**(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)**

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး နေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂၀ နေရာ | အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (စီးပွားရေးဆိုင်ရာဘွဲ့/ ကွန်ပျူတာသိပ္ပံဘွဲ့/ ဥပဒေဘွဲ့/ အင်္ဂလိပ်စာဘွဲ့ ရရှိသူများ ဦးစားပေးမည်။) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၉၀ နေရာ | အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ (သို့မဟုတ်) Grade-12 (စနစ်သစ်ပညာရေး) အောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဂ) | ယာဉ်မောင်း(၅) (အမျိုးသား) (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၃ နေရာ | အနည်းဆုံး အခြေခံပညာ မူလတန်းအဆင့်ရှိပြီး “ခ” အဆင့်ယာဉ်မောင်းလိုင်စင် ရှိရမည်။ ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်သူဖြစ်ရမည်။ |
| (ဃ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အနည်းဆုံး အခြေခံပညာမူလတန်းအဆင့် ရှိရမည်။ |
| (င) | အစောင့် (အမျိုးသား) (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၇ နေရာ | အနည်းဆုံး အခြေခံပညာမူလတန်းအဆင့် ရှိရမည်။ |
| (စ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁၀ နေရာ | အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။ |

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်) နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေး လျှောက်ထားလိုသူများသည် ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်ဖြစ်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၃၀) နှစ်ထက် မကျော်စေရ။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကျော်စေရ။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်သူဖြစ်ပါက အငယ်တန်းစာရေးရာထူးအတွက် အသက်(၄၅) နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ယာဉ်မောင်း (၅) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့ တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက် မကျော်စေရ။

(င) သန့်ရှင်းရေးအကူနှင့် အစောင့် လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၄၅) နှစ်ထက် မကျော်စေရ။

(စ) ရုံးအကူ လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၉-၁၁-၂၀၂၆ ရက်နေ့ တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက် မကျော်စေရ။

(ဆ) အစိုးရဌာနတစ်ခုခု၏ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ **ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ၊ ရာထူးမှထုတ်ပယ်ခြင်း (Removal) ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ** လျှောက်ထားခွင့်မရှိပါ။

(ဇ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်။

(က) လျှောက်ထားသူ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ် (အသက်)

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့် ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့် ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း/ တက္ကသိုလ်

( င ) အဖအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

( စ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင်အလုပ်သမားမှတ်ပုံတင်အမှတ်နှင့်မှတ်ပုံတင်သည့်ရက်စွဲ

(ဈ) ဆက်သွယ်ရန် လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ဒုတိယဦးစီးမှူးနှင့် အငယ်တန်းစာရေး လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်) (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင် လက်မှတ်များ ရှိပါက မိတ္တူပူးတွဲ တင်ပြရန်)

(ခ) ယာဉ်မောင်း(၅) လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာမိတ္တူနှင့် “ခ’’ အဆင့် ယာဉ်မောင်းလိုင်စင်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဂ) သန့်ရှင်းရေးအကူနှင့် အစောင့် လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဃ) ရုံးအကူ လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာမိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်၊) (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(င) လျှောက်ထားသူများသည် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ(ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ (၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာမူရင်း

(ဈ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) မိတ္တူ

(ည) လွန်ခဲ့သော (၁) လအတွင်း ရိုက်ကူးထားသော ပတ်စပို့ အရွယ်ရောင်စုံဓါတ်ပုံ (၃) ပုံ (၁ ၁/၂” x ၁ ၃/၄” ) ကျောဘက်တွင် အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ရေးရန်)

(ဋ) တာဝန်ကျရာ မည်သည့် ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(ဌ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂) ရရှိပြီးသူများအား သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသတ်မှတ်ထားသော အသက်ထက်(၃) နှစ် တိုးမြှင့်လက်ခံပေးမည်ဖြစ်ပါသည်။ (ပုံစံ-၁၂ လက်မှတ်တင်ပြနိုင်ရမည်။)

၆။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်သမားဝန်ကြီးဌာန Website www.mol.gov.mm နှင့် လူမှုဖူလုံရေး Website https://ssb.gov.mm တို့တွင် Download ရယူလျှောက်ထားနိုင်သည်။

၇။ လျှောက်လွှာများကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၉-၁၁-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍လျှောက်ထားရမည်။ သတ်မှတ်ချက်မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၉-၁၁-၂၀၂၆ ရက်နေ့နှင့် ၂၀-၁၁-၂၀၂၆ ရက်နေ့တို့တွင် ရုံးချိန် အတွင်းထုတ်ပေးမည်။

၉။ အမှတ်စဉ် (၁) (က) နှင့် (ခ) လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ နှင့် ကွန်ပျူတာဘာသာရပ် ၊ လူတွေ့(နှုတ်ဖြေ) စသည့် အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုရမည်ဖြစ်သည်။

၁၀။ အမှတ်စဉ် (၁) (ဂ) မှ (စ) အထိ လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ) ဖြေဆိုရမည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများရှိ ကြော်ငြာသင်ပုန်း နှင့် ဝန်ကြီးဌာန Website www.mol.gov.mm နှင့် လူမှုဖူလုံရေး Website https://ssb.gov.mm တို့တွင် ကြေညာ ပေးထားမည်ဖြစ်ပါသည်။

၁၂။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**ဒုတိယဦးစီးမှူး၊ အငယ်တန်းစာရေးရာထူး**

(က) ၂၅-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ အထွေထွေဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၁း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။

(ခ) ၂၆-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၁း၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

**ယာဉ်မောင်း(၅) ၊ သန့်ရှင်းရေးအကူ၊ အစောင့်၊ ရုံးအကူရာထူးများအတွက်**

(က) ၂၇-၁၁-၂၀၂၆ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၁၃။ အရည်အချင်းစစ်စာမေးပွဲကို **နေပြည်တော်စာစစ်ဌာန** (လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) အပါအဝင် ၊ နေပြည်တော်ကောင်စီနယ်မြေ)၊ **ရန်ကုန်တိုင်းဒေသကြီးစာစစ်ဌာန** (ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်)၊ **မန္တလေးတိုင်းဒေသကြီးစာစစ်ဌာန** (မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး)၊ **စစ်ကိုင်းတိုင်းဒေသကြီးစာစစ်ဌာန** (စစ်ကိုင်းတိုင်းဒေသကြီး)၊ **တနင်္သာရီတိုင်းဒေသကြီးစာစစ်ဌာန** (တနင်္သာရီတိုင်းဒေသကြီး)၊ **ကချင်ပြည်နယ်စာစစ်ဌာန** (ကချင်ပြည်နယ်)၊ **ကယားပြည်နယ်စာစစ်ဌာန** (ကယားပြည်နယ်)၊ **ရခိုင်ပြည်နယ်စာစစ်ဌာန** (ရခိုင်ပြည်နယ်)၊ **ရှမ်းပြည်နယ်စာစစ်ဌာန**(ရှမ်းပြည်နယ်) တို့တွင် စာစစ်ဌာန (၉) ခုဖြင့် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီး / ပြည်နယ်လူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်) ၊ နေပြည်တော် ၀၆၇-၃၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမားဝန်ကြီးဌာန